# News April 2017

# "သာသနာ့ဆက်သွယ်ရေးဌာနသင်တန်းအမှတ်စဉ်(၁)"
## (Communication Seminar Level-1)
## "Script Writing and Video Production Training"

၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်မှ ၅ ရက်အတွင်း သာသနာ့ဆက်သွယ်ရေးဌာန သင်တန်း အမှတ်စဉ်(၁) (Communication Seminar Level-1) "Script Writing and Video Production Training" ကို အမှတ်၊ ၆၈ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်ရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၏ Media Room တွင် Pr. Mamerto Guingguing (SSD Communication Director) နှင့် Pr. Shine Tha (MYUM Communication Director) တို့ဦးဆောင်လျက် ကျင်းပပြုလုပ်ခဲ့ကြောင်း။

အဆိုပါသင်တန်းတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၌ဒေါက်တာသိန်းအုန်းက စာရေးသားမှုဆိုင်ရာဗဟုသုတများကိုလည်းကောင်း၊ ဆရာမောင်နွယ်မြင့် (စာပေဗိမာန်ဆုများရှင်) က ဝတ္ထုရေးနည်းကိုလည်းကောင်း၊ ဆရာစိုးရာဇာက သတင်းရေးနည်း၊ သတင်းဆိုင်ရာဗဟုသုတများကိုလည်းကောင်း၊ ဆရာမလှလှမြင့်က မီဒီယာအကြောင်းကို လည်းကောင်း၊ ရှင်းလင်းပြောကြားကြကြောင်း။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နှင့် ၅ ရက်နေ့အထိ Mr. Welsie က Video camera ဗီဒီယိုကင်မရာအကြောင်း၊ Understanding Light, Understanding Audio, Concept and Production Planning, Class Assignment အကြောင်းများကိုလည်းကောင်း၊ Mr. Joshua က Introduction to Video Editing အကြောင်းကိုလည်းကောင်း၊ Mr. Tony က Basic Script Writing for TV, Conducting Interviews, Narration and Audio အကြောင်းများကိုလည်းကောင်း၊ လက်တွေ့များပြုလုပ်စေခြင်းဖြင့် သင်ကြားပေးခဲ့ကြောင်း။

တက်ရောက်သူပေါင်း အယောက် ၃၀ ရှိပြီး နောက်ဆုံးသင်တန်းဆင်းပွဲရက်တွင် အောင်လက်မှတ်များပေးအပ်ကာ "သာသနာ့ဆက်သွယ်ရေးဌာနသင်တန်းအမှတ်စဉ်(၁)" Communication Seminar Level 1 ကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။



## "NDR-IEL Seminar"

တောင်အာရှပစိဖိတ်ဒီဗီဇံ Southern Asia-Pacific Division မှဦးဆောင်၍ "Nurturing, Discipling, Retention (NDR-IEL) Seminar" သင်တန်းကို မြန်မာယူနီယံဌာနချုပ်တွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နှင့် ၅ ရက်နေ့တွင်ပြုလုပ်ကျင်းပခဲ့ကြောင်း။

ဒီဗီဇံမှ "NDR-IEL" ၏တွဲဖက်ဥက္ကဌ Dr. Ben Mergal, တွဲဖက်ဘဏ္ဍာရေးမှူး Dr. Gay Tanamal, Communication Director, Pr. Mamerto Guingguing နှင့် Risk Management Director, Dr. Rex Rosas တို့မှဦးဆောင်၍ "Nurturing, Discipling, Retention (NDR-IEL) Seminar" သင်တန်း၌ သင်ကြားပေးခဲ့ကြောင်း၊ ယုံကြည်သူအသင်းဝင်များအားလုံး ယုံကြည်ခြင်းပိုမိုခိုင်မြဲအောင်လုပ်ဆောင်နည်း၊ အဖွဲ့ငယ်ဖြစ်သော Care Group အားဖြင့် သာသနာထိုးဖောက်နည်း၊ အလည်အပတ်ပြုခြင်းနည်းဗျူဟာများနှင့် Intergrated Evangelism Lifestyle(IEL) နည်းစနစ်ဖြင့် တစ်နှစ်ပတ်လုံး သာသနာပြုခြင်းနည်းစနစ်များကို ပို့ချပေးခဲ့ကြောင်း။

တိုင်းအသီးသီးမှခေါင်းဆောင်များ၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများနှင့် နယ်စီးအသင်းအုပ်ဆရာများအားလုံး စုစုပေါင်းအယောက် (၆၀) ကျော် စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

သတင်းပေးပို့သူ
ဦးထန်ကန်းလို၊ ညွှန်ကြားရေးမှူး

## “ဆရာ၊ ဆရာမများမွမ်းမံသင်တန်း”

ဧပြီလ ၃ ရက်နှင့် ၄ ရက်နေ့များတွင် ရန်ကုန်ဗဟိုအသင်းတော်ဌာနချုပ်၌ ကျောင်းဆရာ၊ ဆရာများအတွက်မွမ်းမံသင်တန်းကိုပြုလုပ်ကျင်းပခဲ့ကြောင်း၊ ထိုသင်တန်းကို ယူနီယံမှပညာရေးဌာနညွှန်ကြားရေးမှူးဆရာဦးခလောဒီးယပ်စ်မှဦးဆောင်ပြီး ဖိလိပိုင်နိုင်ငံရှိ AIIAS မှ Dr. Samuel Gaikwad နှင့်ဇနီးဖြစ်သူ Dr. Preema Gaikwad တို့က သင်တန်းပို့ချခဲ့ကြောင်း။ AYAS, CMAS, SEAS, YAS ကျောင်း ၄ ကျောင်းမှ မူလတန်းနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမ ပေါင်း (၂၈) ယောက်လာရောက်သင်တန်းတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

တစ်ဆက်တည်း ဧပြီလ ၆ ရက်နှင့် ၇ ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ အထက်မြန်မာပြည်တိုင်းဌာနချုပ်၌လည်းအလားတူ ကျောင်းဆရာ၊ ဆရာမများအတွက် မွမ်းမံ

သင်တန်းကို ပြုလုပ်ခဲ့ကြောင်း၊ ဖိလိပိုင်နိုင်ငံရှိ AIIAS  မှ Dr. Samuel Gaikwad နှင့်ဇနီး ဖြစ်သူ  Dr. Preema Gaikwad တို့ကသင်တန်းပို့ချခဲ့ကြောင်း။

အထက်မြန်မာတိုင်းပညာရေးဌာနညွှန်ကြားရေးမှူး ဆရာဦးစွမ်ခန်ကို ဦးဆောင်လျက် အထက်မြန်မာပြည်တိုင်းရှိကျောင်းများမှ မူလတန်းနှင့်အလယ်တန်းပြ ဆရာ၊ ဆရာမ ပေါင်း (၂၆) ယောက်လာရောက်သင်တန်းတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## “ဧရာဝတီတိုင်းမှ တရားပွဲများ”

၁။ မတ်လ ၂၁ ရက်မှ ဧပြီလ ၅ ရက်နေ့အထိ၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ဝဲချောင်း ကျေးရွာတွင်  Pr. Aung Nay Lin ဦးဆောင်လျက်  ဆရာမဒေါ်နေစိန်နှင့်  MUAS မှ ကျောင်းသူကျောင်းသား ၁၀ ဦးတို့ပါဝင်ဆက်ကပ်ပြီး တရားပွဲတစ်ခု ကျင်းပခဲ့ကြောင်း၊ ဝိညာဉ် (၂) လုံး ရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။



၂။ ဧပြီလ ၈ ရက်မှ ၂၂ ရက်အထိ၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ငါးဘတ်ချောင်း ကျေးရွာတွင် Pr. Aung Nay Lin, Mhan Myint Aye, Pr. Hlaing Soe တို့ ဦးဆောင်လျက် ဆရာမဒေါ်ဘီးသရယ် နှင့် MUAS မှကျောင်းသူကျောင်းသား ၁၀ ဦးတို့ ပါဝင်ဆက်ကပ်ပြီး တရားပွဲတစ်ခုကျင်းပခဲ့ကြောင်း၊ ဝိညာဉ် (၂) လုံးရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။



၃။ AYAS မှကျောင်းဆရာ၊ ဆရာမများဦးဆောင်၍ မြောင်းမြမြို့နယ်၊ ချောင်းဖျား ကျေးရွာ၌တရားပွဲကျင်းပရာ (၁၂) ဦးနှစ်ခြင်းခံယူခဲ့ကြောင်း သတင်းရရှိပါသည်။



၄။ MUAS မှဆရာ၊ ဆရာမများဦးဆောင်၍ မြောင်းမြနယ်၊ ဝါးဘိုးတောင်ကျေးရွာတွင် တရားပွဲကျင်းပခဲ့ရာ (၂) ဦး နှစ်ခြင်းခံယူခဲ့ကြောင်း သတင်းရရှိပါသည်။



၅။ ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ အင်းမအသင်းတော်၌ World Wide အမှုဆောင် ဆရာစောစိုင်မွန်ဦးဆောင်၍ရက်တိုတရားပွဲကျင်းပခဲ့ရာ ဧပြီလ (၁) ရက်နေ့၊ ဥပုသ်တော်နေ့တွင် (၄) ဦးနှစ်ခြင်းခံယူခဲ့ကြောင်း၊ သိက္ခာတော်ရဦးချာချီသောင်းမှ နှစ်ခြင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## "ဖဒိုနယ်၊ သုံးလတစ်ကြိမ်နယ်အစည်းအဝေး"

အလယ်ပိုင်းတိုင်း၊ ဖဒိုနယ်၊ သုံးလတစ်ကြိမ်နယ်အစည်းအဝေးကို မြက်နီကွင်းကျေးရွာတွင် ဧပြီ လ (၆) ရက်မှ (၈) ရက်နေ့အထိ ကျင်းပခဲ့ကြောင်း။

ထိုအစည်းအဝေးတွင် သင်တန်းများ၊ ကျမ်းစာရွတ်ပြိုင်ပွဲ၊ ကိုယ်ပိုင်သံစဉ် သီချင်းဆိုပြိုင်ပွဲ၊ များပြုလုပ်ခဲ့ကြောင်း၊ ညပိုင်းနှင့်ဥပုသ်တော်နေ့တွင် ဆရာကြီးများက အားပေးတရားဟောကြားခဲ့ပြီး ဝိညာဉ်နိုးကြားမှုရှိကာ ပျော်ရွှင်ဖွယ်အစည်းအဝေးဖြစ်ကြောင်း။

ယူနီယံမှ အတွင်းရေးမှူးချုပ်ဆရာဦးကယ်လီပီလျန်းနှင့်အလယ်ပိုင်းတိုင်းမှ ဥက္ကဋ္ဌဆရာဦးအယ်လ်ဗင်းဖိုးဖိုးလှတို့ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း၊ ဧပြီလ (၈) ရက်နေ့၊ ဥပုသ်တော်နေ့တွင် ခရစ်တော်ကိုမိမိကိုယ်ပိုင်ကယ်တင်ရှင်အဖြစ်လက်ခံကြသည့် သားသမီး (၁၅) ဦးရေနှစ်ခြင်းခံခဲ့ကြောင်း။

အစားအသောက်နှင့်ကုန်ကျစရိတ်အားလုံးကို အသင်းသူ၊ အသင်းသားများက စေတနာထက်သန်စွာ လှူဒါန်းကြကြောင်း၊ သတင်းရရှိပါသည်။

ဤအလှူရှင်အားလုံးအပေါ် အဖဘုရား၏ အဆ ၁၀၀ သောကောင်းကြီးများ သွန်းလောင်းချပေးပါစေ။

သတင်းပေးပို့သူ
ကယ်လီပီလျန်း၊ အတွင်းရေးမှူးချုပ်

## "အသင်းတော်စာရေးသင်တန်းနှင့်အသင်းသားစာရင်းစီစစ်ခြင်း"

ဧပြီလ (၉) ရက်နေ့တွင် အလယ်ပိုင်းတိုင်း သာသနာဌာနချုပ်ဖြစ်သည့် တောင်ငူမြို့၌ အသင်းတော်စာရေးသင်တန်းနှင့်အသင်းသားစာရင်းစီစစ်ခြင်းကို ဆရာဦးကယ်လီပီလျန်းနှင့်ဆရာဦးလှကွန်းတို့ဦးဆောင်ပြီးပြုလုပ်ကျင်းပခဲ့ကြောင်း။

အသင်းတော်စာရေးနှင့် အသင်းအုပ်ဆရာ (၃၀) ယောက်ကျော် လာရောက်ပြီးသင်တန်းတက်ရောက်ခဲ့ကြောင်း၊ အသင်းသားစာရင်းစီစစ်ခြင်း၏အဓိကရည်ရွယ်ချက်မှာ အသင်းတော်မှ ပျောက်ဆုံးနေသော အသင်းသူ အသင်းသားများကို ပြန်လည်ရှာဖွေရန် ဖြစ်ကြောင်း၊ သတင်းရရှိပါသည်။

သတင်းပေးပို့သူ
ကယ်လီပီလျန်း၊ အတွင်းရေးမှူးချုပ်



## "ရန်ကုန်တိုင်းအမျိုးသမီးခေါင်းဆောင်မှုသင်တန်းအမှတ်စဉ်(၂)"

ဧပြီလ ၃ ရက်မှ ၅ ရက်အထိ၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ တောင်မင်းကုလားကျေးရွာတွင် အမျိုးသမီးခေါင်းဆောင်မှုသင်တန်းအမှတ်စဉ်(၂) ကိုပြုလုပ်ကျင်းပခဲ့ကြောင်း၊ ရန်ကုန်တိုင်းအမျိုးသမီးသာသနာဌာနညွှန်ကြားရေးမှူး ဒေါ်ဆောင်းဝေဝေမှ ဦးဆောင်သင်ကြားပေးခဲ့ကြောင်း၊ အမျိုးသမီးပေါင်း (၃၃) ယောက်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## "စုပေါင်းပွဲတော်နှင့်ဝတ်ပြုကိုးကွယ်ခြင်း"

၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့၊ ဥပုသ်နေ့တွင် တွံတေးမြို့နယ်၊ တံခွန်တိုင်ကျေးရွာရှိ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်တွင် တွံတေးမြို့နယ်အတွင်းရှိ အသင်းတော် ၆ ပါးဖြစ်သည့် တာကုန်းအသင်းတော်၊ ဖိုးပေါ်ရိုးအသင်း တော်၊ အောက်စုအသင်းတော်၊ ဒလအသင်းတော်၊ တွံတေးအသင်းတော်၊ တံခွန်တိုင် အသင်းတော်တို့စုပေါင်းလျက်၊ စုပေါင်းပွဲတော်နှင့်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ပြုလုပ်ကျင်းပခဲ့ကြောင်း။

အဆိုပါစုပေါင်းပွဲတော်နှင့်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင် တရားဟော စည်းဝေး၌ Pr. Nang Do Dal က ပွဲတော်မင်္ဂလာနှင့်ပတ်သက်သောသတင်းစကား၊ သွေးသွန်းခြင်းနှင့် ပသခါပွဲအကြောင်းကို ဟောပြောခဲ့ပြီး ဆရာမလှလှမြင့်က ရေဒီယို အသံလှိုင်းမှ တရားဒေသနာကြောင့်ပြောင်းလဲသွားသော သောတရှင် တစ်ယောက်အကြောင်း သက်သေခံပြောပြခဲ့ကြောင်း။

စုပေါင်းပွဲတော်နှင့်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင် တက်ရောက်လာသော ဆရာ၊ ဆရာမ၊ အသင်းသူ အသင်းသားပေါင်း (၇၀) ယောက်ခန့်ရှိပြီး ဝိညာဉ်တစ်လုံးရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

# "အင်းလယ်ကုန်းတရားပွဲ"

ဧပြီလ ၁ ရက်မှ ၁၀ ရက်နေ့အထိ အလယ်ပိုင်းတိုင်း၊ မင်းတုန်းနယ်၊ အင်းလယ်ကုန်းကျေးရွာတွင် တရားပွဲကျင်းပပြုလုပ်ခဲ့ကြောင်း။

ယူနိယံမှဓမ္မရေးရာဌာနညွှန်ကြားရေးမှူးဦးခင်မောင်လတ်နှင့် ဇနီးဒေါ်နီနီရှင်၊ အလယ်ပိုင်းတိုင်းဓမ္မရေးရာဌာနညွှန်ကြားရေးမှူးဦးလှကွန်း၊ သရက်သာသနာနယ် နယ်စီးဦးကိုကိုလွင်၊ E. Tithe အမှုတော်ဆောင်ဦးခင်မောင်တင်၊ နယ်ခံဆရာ၊ ဆရာမ ဖြစ်သောဆရာဦးနေကြာ၊ ဆရာဦးနေထွန်းအောင်နှင့်ဆရာမဒေါ်ရွှေမိတို့ ဦးဆောင်ကာ ထိုတရားပွဲကိုကျင်းပခဲ့ကြောင်း။

အင်းလယ်ကုန်းရွာသည် မင်းတုန်းနယ်အတွင်း အိမ်ခြေအများဆုံးရွာကြီး ဖြစ်ကြောင်း၊ အများစုမှ ဗုဒ္ဓဘာသာဝင်အရှိချင်းများဖြစ်ပြီး အချို့မှာ မက်သဒစ် အသင်းတော်မှဖြစ်ကြောင်း၊ G.M. အမှုဆောင်ဆရာနေထွန်းအောင်နှင့် ဇနီး နှစ်ဦးသာ သတ္တမနေ့အသင်းသားများဖြစ်ကြောင်း၊

နေ့စဉ် နေ့လည်ပိုင်းအချိန်တွင် တောင်ငူမြို့မှသာမန်အသင်းသားဖြစ်သူ ဦးဖိုးကျော်မှ သဘာဝကုထုံးများဖြင့် ရွာသူရွာသားလူမမာများကိုကြည့်ရှုကုသပေးခဲ့ကြောင်း၊ မင်းတုန်းမြို့မှရဲအုပ်ကြီး၏ဇနီးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီးလည်းလာရောက်ဆေးကုသခံယူကြကြောင်း၊ ကျမ်းစာသင်လိုသူများကိုလည်း တရားပွဲမဏ္ဍပ်အတွင်းကျမ်းစာသင်ပေးခဲ့ကြောင်း၊ အချို့တို့မှာကျေးရွာတွင်းသို့တအိမ်တက်ဆင်း အလည်အပတ်ပြုခဲ့ကြောင်း၊ တရားပွဲအစတွင် ရဲအုပ်ကြီးကိုယ်တိုင်အမှာစကားပြောကြားပေးပြီးမူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပညာပေးစကားလည်းပြောကြားခဲ့ပါကြောင်း၊ ညစဉ် ညနေ(၆) နာရီမှ (၉)နာရီအထိ တရားဟောခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့ကြောင်း၊ ရွှေညောင်ပင်အသင်းတော်မှ ဆရာမားကပ်စ် နှင့် The Jewel တေးဂီတအဖွဲ့မှပါဝင်ဆက်ကပ်ခဲ့ကြောင်း။

ဧပြီလ (၈) ရက် ဥပုသ်တော်နေ့တွင် ဘုရားရှင်၏ကျေးဇူးတော်ကြောင်း ဝိညာဉ် (၆) လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

သတင်းပေးပို့သူ

ဦးခင်မောင်လတ်၊ ညွှန်ကြားရေးမှူး
ယူနိယံဓမ္မရေးရာဌာန
မြန်မာယူနီယံ



## "မင်းတပ်နယ်စုပေါင်းဝတ်ပြုခြင်းနှင့်သင်တန်း"

ဧပြီလ ၁၀ ရက်မှ ၁၇ ရက်နေ့အထိ မင်းတပ်နယ်စုပေါင်းဝတ်ပြုခြင်းနှင့် သင်တန်းကို မင်းတပ်မြို့နယ်တွင် ကျင်းပခဲ့ကြောင်း၊ မင်းတပ်နယ်မှ အသင်းသူ အသင်းသားများနှင့် ဆရာ၊ ဆရာမများတက်ရောက်ခဲ့ကြောင်း၊ သင်တန်းပေးရန် မြန်မာယူနီယံ အတွင်းရေးမှူးချုပ် ဆရာကြီးဦးကယ်လီပီလျှန်း၊ အလယ်ပိုင်းတိုင်း ဘဏ္ဍာရေးမှူး ဆရာဦးသာထွန်းအေး၊ ဆရာမဒေါ်ဂျွန်နော၊ ဆရာဦးမားကပ်စ်စိန်၊ ဆရာနိုင်းမန်း၊ အက်စတာအေး၊ ဂျက်စမင်းလျှန်တို့ကဦးဆောင်ပါဝင်ခဲ့ကြောင်း။

သင်တန်းကို လူကြီးတန်း၊ လူငယ်တန်း၊ ကလေးတန်းဟူ၍ခွဲပြီး သင်တန်းပို့ချခဲ့ကြောင်း၊ သင်တန်းအချိန်မှာ နံနက် (၉) နာရီမှ ညနေ (၄) နာရီအထိဖြစ်ကြောင်း၊ အထက်ပါဆရာ၊ ဆရာမများက လူကြီးတန်းနှင့် လူငယ်တန်းကိုသင်တန်းပေးပြီး ဆရာမကီးလေးကုန်နှင့်အဖွဲ့မှ ကလေးတန်းကို သင်ကြားပေးခဲ့ကြောင်း၊ နယ်စီးဆရာဦးအောင်ဝင်းရွှေနှင့်ဇနီးဆရာမဆုန်ကျင်းက လိုအပ်သောအရာအားလုံးကိုစီစဉ်ပေးခဲ့ကြောင်း။

ဆရာကြီးဦးကယ်လီပီလျှန်းက ညစဉ်တရားဒေသနာဟောကြားခဲ့ပြီး ဧပြီလ (၁၅) ရက်နေ့၊ ဥပုသ်တော်နေ့တွင် ဝိညာဉ်ပေါင်း (၂၀) ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ ဆရာမဒေါ်ဂျွန်နော ဦးဆောင်ပြီးဇနီးမောင်နှံပြန်လည်ဆက်ကပ်အပ်နှံခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့ရာ ဇနီးမောင်နှံစုံတွဲ (၁၈) တွဲ၏အစီအစဉ်တွင်ပါဝင်ကာဇနီးမောင်နှံ နှစ်ဦး၏ချစ်ခြင်းမေတ္တာ ပိုမိုခိုင်မြဲအောင်ကြိုးစားရန်ကတိပြုခဲ့ကြကြောင်း။

ရွှေညောင်ပင်အသင်းတော်မှဆရာဦးမားကပ်စ်စိန်နှင့်ဒေါ်မေမေခင်၊ The Jewel တီးဝိုင်းနှင့်အဆိုတော်များဖြစ်သော အက်စတာအေး၊ ဆဲခူဖေါ၊ နော်စွမ်းရည်ထက် တို့မှ သီချင်းဆိုခြင်း၊ တူရိယာတီးမှုတ်ခြင်းဖြင့်ပါဝင်ဆက်ကပ်ခဲ့ကြကြောင်း။

ဦးဝင်းထန်မှအစားအသောက်အားလုံးကိုကျွေးမွေးလှူဒါန်းရုံမက ကိုယ်တိုင်လာရောက်ပြီးသက်သေခံခြင်းအားဖြင့် ဤသင်တန်းတွင်ပါဝင်ခဲ့ကြောင်း၊ ဤသင်တန်း၏အကျိုးရလဒ်မှာ အသင်းသူအသင်းသာများနိုးကြားခြင်းနှင့် ချစ်ခြင်းမေတ္တာတိုးပွားခြင်းပင်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းပေးပို့သူ

ကယ်လီပီလျန်း၊ အတွင်းရေးမှူးချုပ်



## "လူငယ်များနှင့်ရခိုင်ခရီးစဉ်"

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မှ လူငယ်လူရွယ်များဖြစ်သည့် ဆရာမချစ်နှင်းရည်ရွှေ၊ ဆရာမခင်စန်းအေး၊ ဆရာမသူဇာလွင်၊ ဆရာမကနဲဖေါ၊ ဆရာသန်းရွှေ၊ ဆရာအောင်သူ တို့သည် ရခိုင်ပြည်နယ်၊ စပါးဆိပ်ကျေးရွာသို့ ဧဝံဂေလိသတင်းစကားဖြန့်ဝေရန်အတွက် သင်္ကြန်အတွင်း သင်တန်းပေးရန် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြောင်း။

အဆိုပါခရီးစဉ်တွင် ရန်ကုန်မှကျောက်တော်မြို့၊ ကျောက်တော်မြို့မှတဆင့် စပါးဆိပ်ကျေးရွာသို့ ဧပြီလ ၁၁ ရက်နေ့ညတွင် ရောက်ရှိခဲ့ကြောင်း၊ ဧပြီလ ၁၂ ရက် နေ့တွင် သင်တန်းအစပြုခဲ့ရာ ဆရာအောင်သူက ခွင့်လွှတ်ခြင်းအရေးကြီးပုံ အကြောင်းကို လည်းကောင်း၊ ဆရာမချစ်နှင်းရည်ရွှေက တရားစီရင်ခြင်းအကြောင်းကို လည်းကောင်း၊ ဆရာအောင်ဇော်ဝင်းက နှစ်ပေါင်းတစ်ထောင်အကြောင်းကိုလည်းကောင်း၊ ဆရာမသူဇာလွင်၊ ဆရာမခင်စန်းအေး၊ ဆရာမကနဲဖေါ တို့က ကလေးများအတွက် ပုံပြောခြင်း၊ သီချင်းများသင်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း။

ဧပြီလ ၁၆ ရက်နေ့တွင် သင်တန်းပိတ်ပွဲကို ဆရာမချစ်နှင်းရည်ရွှေက ဆက်ကပ်ဆုတောင်းပေးခြင်းဖြင့်ပိတ်ခဲ့ပြီး ဧပြီလ ၁၇ ရက်နေ့တွင် စပါးဆိပ်ကျေးရွာမှတဆင့် ကျောက်တော်မြို့၊ ကျောက်တော်မြို့မှတဆင့် ရန်ကုန်မြို့သို့ ဧပြီလ ၁၉ ရက်နေ့တွင် ဘုရားရှင်၏ကျေးဇူးတော်ကြောင့် ဘေးကင်းလုံခြုံစွာပြန်လည်ရောက်ရှိကြောင်း သတင်းရရှိပါသည်။



## “အတာသင်္ကြန်နှင့်လှိုင်သာယာအသင်းတော်”

ရန်ကုန်တိုင်းအတွင်းရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာအသင်းတော်တွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ မှ ၁၆ ရက်နေ့အထိ သင်္ကြန်တွင်း လူငယ်သင်တန်းကို ဆရာမဒေါ်နီဇင်ဦးဆောင်လျက် ဆရာဘောလာ ကဖွင့်ပွဲနေ့တွင် တရားဒေသနာဝေငှခဲ့ပြီး ၅ ရက်တာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ဆရာမဒေါ်ကျင်စိန်က ကောင်းကင်တမန်သုံးပါး သတင်းစကားအကြောင်းကိုလည်းကောင်း၊ ဆရာဦးရဲလွင်က လူငယ်နှင့်ဝိညာဉ်ရေး အကြောင်းကိုလည်းကောင်း၊ ဆရာမလှလှမြင့်က လူငယ်နှင့်ကျန်းမာခြင်းအကြောင်းကို လည်းကောင်း၊ ဆရာဌေးမင်းထွန်းက ခေတ်လူငယ်များပြင်ပလောကနှင့်ဆက်ဆံသွားလာရာတွင် သတိပြုရမည့်အချက်များ၊ ဘုရားကျောင်းဝတ်ပြုချိန်တွင် နေထိုင်ပြုမူဝတ်စားဆင်ယင်မှု အကြောင်းများကိုလည်းကောင်း၊ သင်ကြားပို့ချပေးခဲ့ကြောင်း။

တက်ရောက်သောသူများမှာ ဟသ်ာတ၊ တောင်ဒဂုံ၊ မြောက်ဥက္ကလာ၊ တွံတေး၊ လပွတ္တာ၊ လှိုင်သာယာမှ လူကြီးလူငယ်ပေါင်း ၃၅ ယောက်ခန့် တက်ရောက်ကြကြောင်း၊ လူငယ်တစ်ဦးထံမှ ပြောကြားချက်မှာ သင်္ကြန်တွင်း ဤသင်တန်းကိုတက်ရောက်ရသည့်အတွက် ပျော်ရွှင်မှုရရှိကြောင်း၊ ဝိညာဉ်ရေးသာမက ကျန်းမာရေး၊ လူမှုဆက်ဆံရေး၊

ဗဟုသုတမြောက်များစွာရရှိကြောင်း။ ဧပြီလ ၁၆ ရက်နေ့ ညနေတွင် သင်တန်းပိတ်ပွဲ၌ ဆရာမဒေါ်နိုဇင်း ဆက်ကပ်ဆုတောင်းခြင်းဖြင့် ပိတ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## "သကြ်ာန်ကာလအတွင်းသာယာဝတီအသင်းတော်လူငယ်သင်တန်း"

ဧပြီလ ၁၀-၁၆ ရက်နေ့အထိ သာယာဝတီနယ်အသင်းတော်များစုပေါင်းပြီး သင်္ကြန်ကာလအတွင်းလူငယ်သင်တန်းကို ကျောက်ဖျာကျေးရွာပင်လယ်ကမ်းခြေတွင် ပြုလုပ်ကျင်းပခဲ့ကြောင်း။

နယ်စီးဆရာဦးသန်းအောင်ထွန်းနှင့်ဆရာမွန်းစတုန်းတို့ဦးဆောင် စီစဉ်ခဲ့ကြောင်း၊ ယူနီယံမှဥက္ကဌကြီးဦးမူနာပေါလ်နှင့်ဇနီးဖြစ်သူ ဒေါ်ချိချိပေါလ်တို့လည်း သွားရောက် သင်တန်းပေးခဲ့ကြောင်း၊ သွားရောက်သူပေါင်းမှာ ကလေး၊ လူငယ်၊ လူကြီး၊ စုစုပေါင်း (၅၀) ယောက်ခန့်ရှိကြောင်း၊ သင်တန်းအပြီးတွင် နှစ်ခြင်းခံယူသူ (၃) ဦးရှိကြောင်း သတင်းရရှိပါသည်။





## နွေရာသီသကြန်ကာလ
## လူငယ်စခန်းသွင်းမိတ်သဟာယဝတ်ပြုကိုးကွယ်ခြင်းနှင့်သင်တန်း

ဧပြီလ ၁၂ ရက်မှ ၁၆ ရက် ၂၀၁၇ခုနှစ်တွင် ရန်ကုန်ဗဟိုအသင်းတော်မှ လူငယ်များ၊ အလုံ၊ အင်းစိန်၊ ခဝဲခြံ မှလူငယ်များကိုမြန်မာယူနီယံ လူငယ်ဌာန ညွှန်ကြားရေးမှူး ဆရာဦးအေဝမ်းသိန်းနှင့်ရန်ကုန်ဗဟိုအသင်းအုပ်ဆရာ ဦးမူးလာတော၊ ဆရာဦးထန်ပေါင်နှင့်ဇနီးဆရာမအက်စတာဖိုးနှင့် ရန်ကုန်ဗဟိုအသင်းလူကြီးဦးကျော်စိုးလှိုင်တို့ ဝိုင်းဝန်းဦးဆောင်ကာ နွေရာသီသကြန်ကာလလူငယ်စခန်းသွင်း မိတ်သဟာယ ဝတ်ပြုကိုးကွယ်ခြင်းနှင့် လူငယ်သင်တန်းများကိုပေးရန် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မန်ခိန်အသင်းတော်သို့ မီးရထားဖြင့် ဧပြီလ ၁၀ ရက်တွင် ထွက်ခွာပြီး ဧပြီလ ၁၂ ရက်နေ့တွင်ရောက်ရှိခဲ့ကြောင်း။

မြစ်ကြီးနားဘူတာမှ မန်ခိန်ကျောင်းအုပ်ဆရာနော်နော်နှင့် ကိုကျော်စိုးလှိုင် တို့က ကားခုစီးဖြင့် မန်ခိန်ကျောင်းဝင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

ဧပြီလ ၁၃ ရက် နေ့ နံနက်မှ အစီအစဉ်ကို စတင်ချီတက်ဖွင့်လှစ်ပြီး နံနက်ယံဝတ်ပြုကိုးကွယ်ခြင်းကို ဆရာကြီးဦးမူးလာတောမှဦးဆောင်ပေးခဲ့ကြောင်း၊ ဆရာကြီးဦးအေဝမ်းသိန်း၊ ဆရာကြီးဦးမူးလာတော၊ ဆရာဦးထန်ပေါင်၊ ဆရာမအက်စတာဖိုး၊ ဆရာမဂျာရယ်၊ ဆရာမမီနိုးလ်တာဖိုးတို့မှ လူငယ်များအတွက်အကျိုးရှိမည့် အကြောင်းအရာများကို ဆွေးနွေးသင်တန်းပေးခဲ့ပြီး၊ ဆရာခင်မောင်တင်၊ ဆရာဦးကျော်ကျော်သိန်း၊ ကချင်ပြည်နယ် နယ်စီးဆရာကြီးဦးစင်မြူရယ်သိန်းတို့ကလည်း နံနက်ယံနှင့် ညနေဝတ်ပြုကိုးကွယ်ခြင်းများကိုဦးဆောင်၍ လူငယ်များကို အားပေးတိုက်တွန်းမှု ပြုလုပ်ခဲ့ကြကြောင်း။

လေ့လာရေးခရီးစဉ်များအဖြစ် ကချင်ပြည်နယ်၏အထင်ကရ နယ်မြေများ ဖြစ်သည့် မြစ်ဆုံ၊ ဂျိဘုံဆုတောင်းတောင်၊ ရေကာတာစီမံကိန်းကြီးတံတားသို့ တစ်ရက် လည်ပတ်ပြီး ပြန်ခါနီးနောက်ဆုံးရက်တွင် မြစ်ကြီးနားမြို့၏အထင်ကရ မနောကွင်းကြီးနှင့် မြို့ရှိဈေးတန်းများ၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဝိုင်းမော်မြို့မှ ဝါရှောင်ဆည်နှင့် ဝူယံကျောင်းကျောင်းဝင်းများသို့လည်ပတ်ကာ အစီအစဉ်ကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း၊

ဧပြီလ(၁၇)ရက်တွင် မြစ်ကြီးနားဘူတာမှမန္တလေးသို့ပြန်လည်ရောက်ရှိကာ မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ကျုံးကြီးသို့ငှင်း၊ ဦးပိန်တံတားနှင့် မန္တလေးတောင်တို့တွင်လေ့လာရေးခရီးစဉ်များဆက်ကာ ဧပြီလ (၁၉)ရက်နေ့တွင် ရန်ကုန်သို့ ဘုရားရှင်၏ပို့ဆောင်မှုကြောင့် ချောမောစွာပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။



## “ကလေးများညီလာခံ”

ကလေးများညီလာခံ (Children's Congress) ကို Dr. Saustin S Mfune (GC ChM Asso. Director), Dr. Orathai Chureson (SSD ChM Director) နှင့် ဆရာမဒေါ်ချိုချိုပေါလ်၊ ကလေးများသာသနာဌာနညွှန်ကြားရေးမှူးတို့ဦးဆောင်လျက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ၊ အမှတ်-၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်ရှိ ရန်ကုန်ဗဟိုအသင်းတော်တွင် ကျင်းပပြုလုပ်ခဲ့ ကြောင်း။

အဆိုပါ ကလေးများညီလာခံ ဧပြီလ ၁၉ ရက်နေ့ညဖွင့်ပွဲတွင် Dr. Saustin S Mfune (GC ChM Asso. Director) မှ တရားဒေသနာဟောကြားခဲ့ရာ၌ လုကာ ၁၁း၁ ကိုအခြေခံပြီး ဆုတောင်းခြင်းအကြောင်းကို ဟောပြောဝေငှခဲ့ကြောင်း။

ဧပြီလ ၂၀ ရက်နေ့သင်တန်းချိန်တွင် Dr. Orathai Chureson (SSD ChM Director) က ကလေးများသည် ကြီးထွားရမည်၊ ကြီးထွားရာတွင်လည်း ဝိညာဉ်ရေး

ဘက်တွင်ကြီးထွားရန် မိဘဆရာများကသွန်သင်လမ်းညွှန်ပေးရန် လိုကြောင်း။ Dr. Htway Lay က ကျန်းမာရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ ဆရာကပေါ်မူးက Bible Game၊ ဆရာရန်ပိုင်မျိုးက Discovery၊ ဆရာမ ဆောင်းဝေဝေ နှင့် ဆရာမ ထရေဇာက Arts & Crafts ကိုလည်းကောင်း၊ ဧပြီလ ၂၁ ရက်နေ့ တွင် Maths Game ကို Pr. Shine Tha ကလည်းကောင်း၊ ဆရာမ ချိုချိုပေါလ်က How to growing in Jesus နှင့်ပတ်သက်သည့်အကြောင်းအရာများကို လည်းကောင်း၊ ဆရာမ အယ်လင်မန်းက ကျန်းမာခြင်းအကြောင်းကိုလည်းကောင်း တာဝန်ယူသင်ကြား ပို့ချခဲ့ကြောင်း။

ထိုကလေးများညီလာခံတွင် တိုင်းငါးတိုင်းမှ တက်ရောက်လာသောကလေးများနှင့်အုပ်ထိန်းသူ ဆရာ၊ ဆရာမပေါင်း (၂၅၀) ယောက်ရှိကြောင်း၊ ဧပြီလ ၂၂ ရက်နေ့၊ ဥပုသ်တော်နေ့တွင် ကလေး (၁၄) ယောက်နှင့်လူကြီး (၁)ဦး နှစ်ခြင်းမင်္ဂလာ ခံယူခဲ့ကြောင်း၊ ညနေတွင် ကလေးများညီလာခံကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။




## "ချိပွေဘုရားကျောင်းဆက်ကပ်ပွဲ"

၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အထက်မြန်မာပြည်တိုင်း၊ ကချင်ပြည်နယ်၊ ချိပွေကျေးရွာတွင် ဘုရားကျောင်းအသစ်ဆက်ကပ်ပွဲကို ပြုလုပ်ကျင်းပခဲ့ကြောင်း။

ထိုဆက်ကပ်ပွဲသို့ ယူနီယံမှဥက္ကဋ္ဌဦးတိမောသေမူနားပေါလ်၊ အထက်မြန်မာပြည်တိုင်းဥက္ကဋ္ဌဦးကပ်လျှန်ထန်၊ ကချင်ပြည်နယ် နယ်စီးဦးစင်မြူရယ်သိန်း၊ ဆရာဦးတိန့်ဆောင်၊ အသင်းအုပ်ဆရာဦးအယ်လ်မွန်တို့ပါဝင်ဦးဆောင်ခဲ့ကြောင်း သတင်းရရှိပါသည်။




## “အထက်မြန်မာပြည်တိုင်းအမျိုးသမီးတရားပွဲ”

၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်မှ ၁၅ ရက်နေ့အထိ လားရှိုးနယ်၊ နမ္မအသင်းတော်တွင် အမျိုးသမီးတရားပွဲတစ်ခုကို အထက်မြန်မာပြည်တိုင်းအမျိုးသမီးသာသနာညွှန်ကြားရေးမှူး ဆရာမဥမ္မာစံဦးဆောင်လျက် ကျင်းပပြုလုပ်ခဲ့ကြောင်း။

လားရှိုးနယ်စီးဆရာဦးစောလမုန်၊ နမ္မအသင်းတော်အသင်းအုပ်ဆရာ ဦးစင်ပူနှင့်ဇနီး၊ အလယ်ပိုင်းတိုင်းမှကျန်းမာရေးနှင့် သာသနာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး ဆရာဦးဟေရှာယနှင့်ဇနီးတို့ပါဝင်ဆက်ကပ်ခဲ့ကြောင်း၊ အဆိုပါတရားပွဲအပြီးတွင် ဝိညာဉ်ပေါင်း (၁၀) လုံးရိတ်သိမ်းရရှိခဲ့ကြောင်း သတင်းရရှိပါသည်။



## "အထက်မြန်မာပြည်တိုင်းဌာနဆိုင်ရာသင်တန်း"

ဧပြီလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တွင် အထက်မြန်မာပြည်တိုင်းဌာနဆိုင်ရာ သင်တန်းများကို ကလေးမြို့ ပန်ပီးအသင်းတော်တွင်ပြုလုပ်ကျင်းပခဲ့ကြောင်း။

Pr. Kap Lian Thang က ဓမ္မရေးရာဌာနဆိုင်ရာသင်တန်းကို လည်းကောင်း၊ Pr. Gin Lam Cin က ဘဏ္ဍာရေးနှင့်ဘဏ္ဍာစိုးဆိုင်ရာဌာနသင်တန်းကိုလည်းကောင်း၊ Pr. Thang Lian Khai က NDR/IEL နှင့်ဥပုသ်စာဖြေဌာနသင်တန်းကိုလည်းကောင်း၊ Pr. Khan Suan Mung က SOP နှင့် Life Style ကိုလည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း၊

ထိုသင်တန်းတွင်သင်တန်းသူ/သားပေါင်း (၇၀) ယောက်ခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## "အရှေ့တောင်တိုင်းကျန်းမာခြင်းစစ်ဆေးခြင်းနှင့်သင်တန်း"

ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်နေ့တွင် အရှေ့တောင်တိုင်း၊ ထားဝယ်သာသနာနယ်ရှိ လောင်းမင်းနှင့်ထီးဖဒိုကျေးရွာတွင် ကျန်းမာခြင်းစစ်ဆေးခြင်းနှင့်ပညာပေးသင်တန်းကိုပြုလုပ်ကျင်းပခဲ့ကြောင်း။

ထိုအစီအစဉ်ကို အရှေ့တောင်တိုင်းကျန်းမာခြင်းဌာနညွှန်ကြားရေးမှူး ဆရာဦးစိန်ထွန်းဦးဆောင်လျက် နယ်စီးဆရာဦးခွန်ဝင်းကိုကိုနှင့်အတူ အခြားဆရာ၊ ဆရာမများ (၇) ဦးလည်း ပါဝင်ဆက်ကပ်ကူညီခဲ့ကြောင်း သတင်းရရှိပါသည်။



“အသင်းတော်စာရေးသင်တန်းနှင့်အသင်းသားစာရင်းစီစစ်ခြင်း”

ဧပြီလ (၂၆) ရက်နေ့တွင် ဧရာဝတီတိုင်း၊ မြောင်းမြမြို့၌ အသင်းတော် စာရေးသင်တန်း နှင့် အသင်းသားစာရင်းစီစစ်ခြင်းကို ယူနီယံအတွင်းရေးမှူး ဆရာဦးကယ်လီပီလျှန်းနှင့် ဧရာဝတီတိုင်းအတွင်းရေးမှူးဆရာဦးထန်လန်းမွန်တို့ဦးဆောင်ပြီးပြုလုပ်ကျင်းပခဲ့ကြောင်း။

အသင်းတော်စာရေးနှင့် အသင်းအုပ်ဆရာ (၄၀) ယောက်ကျော် လာရောက်ပြီးသင်တန်းတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

သတင်းပေးပို့သူ
ကယ်လီပီလျှန်း၊ အတွင်းရေးမှူးချုပ်



## "ကချင်ပြည်နယ်၊ မရမ်းကျေးရွာတရားပွဲ"

ကချင်ပြည်နယ်၊ မရမ်းကျေးရွာတွင် တရားပွဲကျင်းပခဲ့ကြောင်း၊ ကချင်ပြည် နယ် နယ်စီးဆရာဦးစင်မြူရယ်သိန်းနှင့်ဆရာဦးတိန့်ဆောင်တို့ဦးဆောင်၍ကျင်းပခဲ့ ကြောင်း၊ ဧပြီလ (၁) ရက်၊ ဥပုသ်တော်နေ့တွင် (၅) ဦးနှစ်ခြင်းခံယူခဲ့ကြောင်း၊ နောက် သုံးရက် တရားပွဲနောက်ဆုံးရက်တွင် (၂) ဦးထပ်မံနှစ်ခြင်းခံယူကြောင်း သတင်းရရှိပါသည်။





## "ရန်ကုန်တိုင်း **World Wide** အမှုဆောင်တရားပွဲ"

ရန်ကုန်တိုင်း၊ World Wide အမှုဆောင် ဆရာဦးစင်မြူရယ်စိန်မှ ဦးဆောင် ၍ သောင်စွန်းကျေးရွာ၌ရက်တိုတရားပွဲကျင်းပခဲ့ရာ (၃) ဦးနှစ်ခြင်းခံယူခဲ့ကြောင်း သတင်းရရှိပါသည်။



"ဂွမြောင်တရားပွဲ"

ဧပြီလ (၂၁) ရက်မှ (၃၀) ရက်နေ့အထိ၊ အလယ်ပိုင်းတိုင်း၊ ရွှေပန်းတော သာသနာနယ်၊ ဂွမြောင်ကျေးရွာတွင် တရားပွဲတစ်ခုကျင်းပခဲ့ကြောင်း။

ယူနီယံမှဓမ္မရေးရာဌာနညွှန်ကြားရေးမှူးဦးခင်မောင်လတ်၊ အလယ်ပိုင်းတိုင်း ဓမ္မရေးရာဌာနညွှန်ကြားရေးမှူးဦးလှကွန်း၊ ရွှေပန်းတောသာသနာနယ် နယ်စီး ဦးကီးအုန်၊ နယ်ခံဆရာ၊ ဆရာမဖြစ်သော ဆရာဦးကျော်ဝင်းနှင့်ဇနီး၊ ဆရာဝင်းထွန်း၊ ဆရာလေးကပေါ်၊ သာမန်အသင်းသားကြီးဆရာဦးပီတာနှင့်ဇနီး၊ သမီး ဆရာမအက်စတာနှင့် အခြားဆရာမလေး ၂ ဦးတို့ဦးဆောင်ကာ တရားပွဲကိုကျင်းပခဲ့ကြောင်း။

ဂွမြောင်ကျေးရွာသည်ဗုဒ္ဓဘာသာဝင်အများစုရှိပြီး အင်္ဂလီကန်အသင်းသားအနည်းငယ်သာရှိသည့်ရွာကြီးဖြစ်ကြောင်း၊ သတ္တမနေ့အသင်းသား တစ်ဦးမျှ မရှိသေးကြောင်း၊ စီးပွားရေးအရကြီးပွားတိုးတက်သည့်ရွာကြီးဖြစ်ကြောင်း။

နေ့စဉ် နေ့လည်ပိုင်းတွင် ဆရာဦးပီတာနှင့်သူ၏ကျန်းမာခြင်းသင်တန်းသူများက ရွာသူရွာသားများကို အခမဲ့ဆေးကုသခြင်းပြုလုပ်ပေးခဲ့ကြောင်း၊ ညပိုင်းတွင်လည်း ဆရာဦးပီတာက ကျန်းမာခြင်းသတင်းစကားများဝေငှပေးခဲ့ကြောင်း၊ ရွှေညောင်ပင် အသင်းတော်မှ ဆရာမားကပ်စ်နှင့် The Jewel တေးဂီတအဖွဲ့မှ ပါဝင်ဆက်ကပ်ခဲ့ကြောင်း။

ညစဉ် ရွာအလယ်လမ်းမကြီးဘေး ဗုဒ္ဓဘာသာဝင်တစ်ဦး၏ခြံဝင်းအတွင်း မဏ္ဍပ်ထိုးကာ ဆရာဦးခင်မောင်လတ်မှတရားဒေသနာဟောခဲ့ရာ ကြက်ပျံမကျ စည်ကား သိုက်မြိုက်စွာ လူများတက်ရောက်နားထောင်ခဲ့ကြောင်း၊ တရားပွဲပြီးရန် (၃)ရက် အလိုတွင်

ကျေးရွာအုပ်ချုပ်ရေးမှူးမှ ရွာတွင် ပဌာန်းပွဲပြုလုပ်မည်ဖြစ်သောကြောင့် ဤတရားပွဲကို ရုပ်သိမ်းပေးရန်ပြောဆိုခဲ့ကြောင်း၊ ထိုနောက်ဆုံးညတွင် ဆရာဦးခင်မောင်လတ်တရား ဟောနေစဉ် ရွာမှလူငယ်အချို့က ကျောက်စရစ်ခဲများဖြင့် တရားဟောစင်မြင့်ကို ပစ်ပေါက်ခဲ့ သော်လည်း ဘုရားရှင်၏ကာကွယ်မှုကြောင့် ခဲလုံးတစ်လုံးမျှ ဆရာဦးခင်မောင်လတ် ကို မထိခဲ့ကြောင်း၊ တရားဒေသနာတော်ကို အဆုံးထိဟောပြောနိုင်ခဲ့ပြီး ရွာသူရွာသားများ အတွက်၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်ဒကာ၊ ဒကာမများအတွက်၊ အင်္ဂလီကန်ဘုန်း တော်ကြီးနှင့်အသင်းသူ၊ အသင်းသားများအတွက် အထူးကောင်းကြီးတောင်းခံပေး ခဲ့ကြောင်း သတင်းရရှိပါသည်။

ဦးခင်မောင်လတ်၊ ညွှန်ကြားရေးမှူး
ယူနီယံဓမ္မရေးရာဌာန



“ထိမ်းမြားမင်္ဂလာသတင်း”

၁။ Hkawn Din နှင့် Jonathan Zathanga

မတ်လ (၂၄ ) ရက်နေ့၊ ၂၀၁၇ ခုနှစ်။



၂။ Gay Wah Htoo နှင့် Du Hane

ဧပြီလ (၁၀) ရက်နေ့၊ ၂၀၁၇ ခုနှစ်။



၃။ Khu Paw Wah နှင့် Chanthakho

ဧပြီလ (၃၀) ရက်နေ့၊ ၂၀၁၇ ခုနှစ်



## “နာရေးသတင်း”

ဧပြီလ (၂၈) ရက်နေ့တွင် အငြိမ်းစားဆရာကြီးဆလိုင်းဦးဂျိုးဇက်သည် ခရစ်တော်၌အိပ်ပျော်သွားခဲ့ပါသည်။



------------ ။ -----------

## “အထူးဆုတောင်းပေးရန်”

၁။ မြန်မာပြည်အသင်းတော်၌သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းကျရောက်ရန်။

၂။ အသင်းတော်ကိုဦးဆောင်နေသောခေါင်းဆောင်ကြီးများ (GC, Division, Union, Mission)၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ (GC, Division, Union, Mission)၊ အမှုတော် ဆောင်များနှင့်အသင်းသူ/သားများအားလုံးအတွက် စည်းစည်းလုံးလုံးရှိပြီး အမှုတော်မြတ်၌အတူတကွလက်တွဲလုပ်ဆောင်နိုင်ရန်။

၃။ ၂၀၁၇ ခုနှစ်၊ မြန်မာယူနီယံ၏သတ်မှတ်ထားသောပန်းတိုင်ပြည့်မှီရန်။

| | |
|---|---|
| ဝိညာဉ်ပန်းတိုင် | - ၅၀၀၀ |
| ဆယ်ဘို့တစ်ဘို့ပန်းတိုင် | - သိန်းပေါင်း နှစ်သောင်းတစ်ထောင် |
| အလှူငွေပန်းတိုင် | - သိန်းပေါင်း ငါးထောင်ငါးရာ |

၄။ “အသင်းသားတိုင်းပါဝင်အမှုတော်တွင်” ဆောင်ပုဒ်အရ အသင်းသားတိုင်း

အမှုတော်သာသနာလုပ်ငန်းတွင်တက်ကြွစွာပါဝင်နိုင်ရန်။

၅။ ၂၀၁၇ ခုနှစ် တိုင်းနယ်အသီးသီးတွင်လုပ်ဆောင်သွားမည့်တရားပွဲများ အတွက်။

၆။ YAS ကျောင်းအဆောက်အဦး၊ MUAS အမျိုးသမီးဆောင်နှင့်အခြားဆောက် လုပ်နေသောအဆောက်အဦးများအတွက်။

၇။ တွံတေးဘုရားကျောင်းပြန်လည်ဆောက်လုပ်ခွင့်ရရှိရန်။

၈။ ဖျားနာသောသူများအတွက်။ (ဦးထွန်းလှစိန်၊ ဆရာ Sui Thang၊ ဒေါ်ကြည် သာ၊ နှင့်အခြားဖျားနာသူများအားလုံး)

## "ကြော်ငြာချက်များ"

၁။ ဤနှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တစ်လတစ်ကြိမ်သတင်းထုတ်ဝေဖြန့်ချီ သွားမည်ဖြစ်သောကြောင့် အချိန်နှင့်တပြေးညီထုတ်ဝေဖြန့်ချီနိုင်ရန် မြန်မာယူနီယံ၏ သတင်းနှင့်နည်းပညာ (I.T.) တာဝန်ခံ (Thang Pau) ၏ (Facebook) တွင် လည်း ကောင်း၊ (shinetha1961@gmail.com) သို့လည်းကောင်း၊ မိမိတို့၏လုပ်ဆောင်ခဲ့သော အကြောင်းအရာများကို ဓါတ်ပုံနှင့်တကွ တိုက်ရိုက်ပေးပို့ပေးပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။

၂။ မြန်မာပြည်လုံးဆိုင်ရာ သတ္တမနေ့အသင်းတော်၏ပြည်လုံးကျွတ်အစည်းအဝေးကြီး နှင့် သာသနာနှစ် ၁၁၅ နှစ်ပြည့်အထိမ်းအမှတ်အစည်းအဝေးပွဲကြီးကို လာမည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉-၁၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ရှိ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီး၌ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါ သည်။

၃။ ၂၀၁၇ ခုနှစ်၊ ပထမသုံးလပတ်၌ မစ်ရှင်အသီးသီးမှနှစ်ခြင်းခံယူသူစာရင်း။

| | | |
|---|---|---|
| ဧရာဝတီတိုင်း | - | ၁၀၈ ဦး |
| အလယ်ပိုင်းတိုင်း | - | ၇၃ ဦး |
| အရှေ့တောင်တိုင်း | - | ၂၈ ဦး |
| အထက်ပိုင်းတိုင်း | - | ၅၀ ဦး |
| ရန်ကုန်တိုင်း | - | ၁၀ ဦး |